# ဘူလ်ဂေးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးအကြောင်း လေ့လာတင်ပြခြင်း

## နိဒါန်း

၁။ ဘူလ်ဂေးရီးယားနိုင်ငံသည် ဥရောပအရှေ့တောင်ပိုင်းတွင်တည်ရှိပြီး အရှေ့ဘက်တွင် ပင်လယ်နက် (Black Sea)၊ တောင်ဘက်တွင် တူရကီနိုင်ငံနှင့် ဂရိနိုင်ငံ၊ အနောက်ဘက်တွင် ဆာဘီးယားနိုင်ငံနှင့် မက်ဆီဒိုးနီးယားနိုင်ငံ၊ မြောက်ဘက်တွင် ရိုမေးနီးယားနိုင်ငံတို့ နှင့် နယ်နိမိတ်ချင်း ထိစပ်လျက် ရှိပါသည်။ မြို့တော်မှာ Sofia မြို့ဖြစ်ပြီး နိုင်ငံ၏လူဦးရေမှာ ၇.၅ သန်းခန့်ရှိသည်။ ဘူလ်ဂေးရီးယားနိုင်ငံ၏ ဧရိယာအကျယ်အဝန်းမှာ ၁၁၁,၀၀၀ ကီလိုမီတာ ခန့်ရှိသည်။ ပါလီမန်စနစ်ကို ကျင့်သုံးသည့် နိုင်ငံဖြစ်ပါသည်။ တပြည်ထောင်နိုင်ငံ(Unitary State) ဖြစ်သော်လည်း ဒေသန္တရအစိုးရ (local self-government) လည်း ထားရှိပါသည်။ ဘူလ်ဂေးရီးယားနိုင်ငံသည် Civil Law System ကို ကျင့်သုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။




**ဘူလ်ဂေးရီးယားနိုင်ငံ တည်နေရာပြမြေပုံ**

## ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံ

၂။ အေဒီ ၇ ရာစုအတွင်းတွင် အာရှတိုက်မှ Bulgar လူမျိုးများသည် ယနေ့ ဘူလ်ဂေးရီးယားနိုင်ငံတွင်နေထိုင်ကြသည့် Slavic လူမျိုးများကိုစစ်အောင်နိုင်ခဲ့သည်။ နှစ်ရာပေါင်း အနည်းငယ်

ကြာပြီးနောက် ဘူလ်ဂေးရီးယားဘုရင်များသည် Khrissovuli ဟုခေါ်သော အမိန့်များမှ တစ်ဆင့် ဥပဒေပြုခဲ့ပြီး ရောမနှင့် Byzantine ကိုဥပဒေတို့မှတစ်ဆင့် ဥပဒေအဖြစ် ပြောင်းလဲ ကျင့်သုံးလာခဲ့သည်။ ၁၈၇၈ ခုနှစ်တိုင်အောင် Orthodox ဘုရားကျောင်းများ၏ ဘုန်းတော်ကြီး များက ဘူလ်ဂေးရီးယားလူမျိုးများကို အုပ်ချုပ်ခဲ့သည်။

၃။ ၁၈၇၈ ခုနှစ်တွင် ရုရှားနိုင်ငံသည် တူရကီနိုင်ငံကို စစ်အောင်နိုင်ပြီးနောက် အရှေ့ Rumelia နှင့် မက်ဆီဒိုးနီးယားနိုင်ငံတို့ ပါဝင်သော ဘူလ်ဂေးရီးယားနိုင်ငံကြီး တစ်နိုင်ငံအဖြစ် ပေါ်ထွက်လာခဲ့သည်။ ထိုအချိန်မှစ၍ ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေ Tarnovo Constitution (1879) ကို ကျင့်သုံးခဲ့သည်။ ၁၈၇၉ ခုနှစ် ရုရှား Czar ဘုရင်၏ တူဖြစ်သူအား မင်းသားအဖြစ် တင်မြှောက်ခဲ့သည်။ အဆိုပါမင်းသားသည် အရှေ့ Rumelia နှင့် ပြည်ထောင်စုအဖြစ် ပေါင်းစည်းရန် သဘောတူပြီးနောက် ထီးနန်းစွန့်လွှတ်ခဲ့ရသည်။ ထိုအခါ Tarnovo ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရပ်ဆိုင်းခဲ့သည်။

၄။ ၂၀ ရာစု အစောပိုင်းတွင် ဘူလ်ဂေးရီးယားနိုင်ငံသည် တိုးတက်လာသည့် နိုင်ငံတစ်နိုင်ငံ အဖြစ် ပေါ်ထွက်လာခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် Balkan စစ်ပွဲဖြစ်ပွားခဲ့ပြီး ဘူလ်ဂေးရီးယား နိုင်ငံသည် ၁၉၁၃ ခုနှစ်တွင် ရိုမေးနီးယားနှင့် တူရကီနိုင်ငံတို့ လက်အောက်သို့ ကျရောက်သွား ခဲ့သည်။ ပထမကမ္ဘာစစ်ပြီးနောက် ဂျာမနီနိုင်ငံနှင့် ဩစတြီးလျနိုင်ငံတို့၏ လက်အောက်သို့ ထပ်မံကျရောက်ခဲ့သည်။

၅။ ဘူလ်ဂေးရီးယားနိုင်ငံသည် ဒုတိယကမ္ဘာစစ်တွင် ဝင်ရိုးစွန်းနိုင်ငံများနှင့် မဟာမိတ် နိုင်ငံဖြစ်ခဲ့သော်လည်း ၁၉၄၄ ခုနှစ်တွင် သီးခြားငြိမ်းချမ်းရေးအတွက် တောင်းဆိုခဲ့သည်။ သို့သော် ဆိုဗီယက်ပြည်ထောင်စုသည် ဘူလ်ဂေးရီးယားနိုင်ငံကို စစ်ကြေညာသိမ်းပိုက်ခဲ့ပြီး ကွန်မြူနစ်စနစ်ကို သွတ်သွင်းခဲ့သည်။ လွှတ်တော်တစ်ရပ်သာပါရှိသော ဥပဒေပြုအဖွဲ့ မှတစ်ပါး ဆိုဗီယက်ပြည်ထောင်စု၏ ၁၉၃၆ ခုနှစ် Stalin ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အလွန် ဆင်တူသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (Dimitrov Constitution) တစ်ရပ်ကို ၁၉၄၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ အချုပ်အခြာအာဏာကို ဥပဒေပြုအဖွဲ့သို့ အပ်နှင်းထားသော်လည်း အမှန် တကယ် လုပ်ပိုင်ခွင့်အာဏာသည် ကွန်မြူနစ်ပါတီ၌သာရှိသည်။

၆။ ၁၉၅၇ ခုနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် မူကြမ်းတစ်ခုကို ရေးဆွဲခဲ့ကြပြီး အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ၁၉၇၁ ခုနှစ်တွင် အာဏာသက်ရောက်ခဲ့သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ (Zhivkov Constitution, 1971) အရ ဘူလ်ဂေးရီးယားနိုင်ငံသည် လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်၏ ဦးဆောင်မှုအခန်းကဏ္ဍတွင်ရှိနေသည့် တရားဝင် ပါတီတစ်ခုဖြစ်သော ကွန်မြူနစ်ပါတီနှင့်အတူ အလုပ်သမားများကို အလုပ်သမားလူတန်းစားများက ဦးဆောင်သော ဆိုရှယ်လစ်နိုင်ငံတစ်နိုင်ငံအဖြစ် ဆက်လက်တည်ရှိခဲ့သည်။ ၁၉၇၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၀ ပြည့်နှစ်တွင် ဆိုဗီယက်ပြည်ထောင်စုနှင့် အရှေ့ဥရောပနိုင်ငံများ၏စံနှုန်းများနှင့်အညီ ပြောင်းလဲမှုများသိသာထင်ရှားစွာပြုလုပ်ခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံအမည်ကို ဘူဂေးရီးယားသမ္မတနိုင်ငံအဖြစ် ပြောင်းလဲခဲ့ပါသည်။ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် လွှတ်လပ်ပွင့်လင်းသည့် လူ့ဘောင်အဖွဲ့အစည်းအဖြစ် ရှေ့ဆက်သွားရန် ပါတီစုံဒီမိုကရေစီစနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၉၃ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့်၂၀၁၅ ခုနှစ်တို့တွင် စုစုပေါင်း (၄) ကြိမ်တိုင်တိုင် ပြင်ဆင်ခဲ့ပြီးဖြစ်သည်။ ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပါလီမန်စနစ်ကျင့်သုံးသည့် အခြားဥရောပနိုင်ငံများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ လွှမ်းမိုးမှုများရှိသည်။

**နိုင်ငံတော်အာဏာများကိုပိုင်းခြားကျင့်သုံးခြင်း**

၇။ နိုင်ငံတော်အာဏာကို ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူ၍ ပိုင်းခြားကျင့်သုံးပါသည်။ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် အမျိုးသားလွှတ်တော်သို့လည်းကောင်း၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရန် နိုင်ငံတော်သမ္မတ၊ ဝန်ကြီးများအဖွဲ့(ဝန်ကြီးများကောင်စီသို့ လည်းကောင်း၊ တရားစီရင်ရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် တရားလွှတ်တော်ချုပ်(Supreme Court of Cassation)၊ စီမံခန့်ခွဲရေးဆိုင်ရာတရား လွှတ်တော်ချုပ် (Supreme Administrative Court)၊ အယူခံတရားရုံးများ (Courts of appeal)၊ ခရိုင်တရားရုံးများ (District Courts)၊ ဒေသဆိုင်ရာတရားရုံးများ (Regional Courts)၊ စစ်ဘက်ဆိုင်ရာ တရားရုံးများ (Courts–Martial)နှင့် ဥပဒေအရတည်ထောင်ထားသည့် အထူးတရားရုံးများ သို့လည်းကောင်း အပ်နှင်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကိုလည်း ဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။ ဖွဲ့စည်းပုံ

အခြေခံဥပဒေ ဆိုင်ရာတရားရုံးသည် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတွင်ပါဝင်ခြင်းမရှိဘဲ သီးခြားဖွဲ့စည်းထားသည့် လွတ်လပ်သည့် ရုံးတစ်ရုံး ဖြစ်ပါသည်။

**ဥပဒေပြုရေး**

၈။ ဘူလ်ဂေးရီးယားနိုင်ငံ၏ ဥပဒေပြုရေးတွင် အမျိုးသားလွှတ်တော် (National Assembly) ဟုခေါ်ဆိုသော လွှတ်တော်တစ်ရပ်သာရှိသည်။ အဆိုပါလွှတ်တော်သည် ဥပဒေပြုရေးနှင့် လွှတ်တော်ဆိုင်ရာကိစ္စရပ်များအား ကြီးကြပ်ရေးတို့ကို ဆောင်ရွက်ရသည်။ လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ် ၂၄၀ ဦး ရှိပါသည်။ လွှတ်တော်၏ သက်တမ်းသည် ၄ နှစ် ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များကို ဘူလ်ဂေးရီးယား နိုင်ငံသားများအနက်မှ အနည်းဆုံး အသက် ၂၁ နှစ် ပြည့်ပြီးသူကို ရွေးချယ်ရမည်ဖြစ်ပါသည်။

**အုပ်ချုပ်ရေး**

၉။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲဖြစ်သည်။ နိုင်ငံတော်သမ္မတကို ၅ နှစ် သက်တမ်းအတွက် ဆန္ဒမဲပေးခွင့်ရှိသည့်မဲဆန္ဒရှင်များ၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် တိုက်ရိုက်ရွေးချယ်ရမည်ဖြစ်သည်။ နိုင်ငံတော်သမ္မတကို အသက် ၄၀ နှစ်ပြည့်ပြီးသူ၊ မွေးရာပါနိုင်ငံသားဖြစ်သူ၊ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့်ပြည့်စုံသူ၊ ဘူလ်ဂေးရီးယားနိုင်ငံတွင် အနည်းဆုံး ၅ နှစ်ကြာ နေထိုင်ခဲ့သူများအနက်မှ ရွေးချယ်ရမည်။


၁၀။ နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည်။ ထို့အပြင် သမ္မတသည် တပ်မတော်အရာရှိများကို ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းများကိုလည်း ပြုလုပ်နိုင်သည်။ နိုင်ငံတော်သမ္မတ၏ အခြားတာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများအတွက် ရွေးကောက်ပွဲများကျင်းပခြင်း၊ လွှတ်တော်နှင့် ပြည်သူများထံသို့ မိန့်ခွန်းပြောကြားခြင်း၊ စာချုပ်များချုပ်ဆိုခြင်း၊ ဥပဒေများထုတ်ပြန်ခြင်း၊ သံတမန်များခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း၊ အခြားသောအရာရှိများကို ဥပဒေနှင့်အညီ ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်း၊ ဆုချီးမြှင့်ခြင်းနှင့် ဆုတံဆိပ်များပေးအပ်ခြင်း၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းစသည်တို့ ဖြစ်ပါသည်။

၁၁။ ဝန်ကြီးများအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားတည်ဆဲဥပဒေ များနှင့်အညီ ပြည်တွင်းမူဝါဒနှင့် နိုင်ငံခြားရေးမူဝါဒများကို ချမှတ်ဆောင်ရွက်နိုင်သည်။ ဝန်ကြီးများအဖွဲ့တွင် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများပါဝင်သည်။

**တရားစီရင်ရေး**

၁၂။ ဘူလ်ဂေးရီးယားနိုင်ငံ၏ တရားစီရင်ရေးအာဏာနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၆) ပုဒ်မ ၁၁၇ အရ တရားစီရင်ရေးကဏ္ဍသည် နိုင်ငံသားများ၊ ဥပဒေအရအကျိုးခံစားခွင့်ရှိသူများ၊ နိုင်ငံတော်၏ တရားဝင်အကျိုးစီးပွားများနှင့် အခွင့်အရေးများကို အကာအကွယ်ပေးသည်။ တရားစီရင်ရေးကဏ္ဍသည် လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ တရားသူကြီးများ၊ တရားရုံးအကြံပေးများ၊ အစိုးရရှေ့နေများနှင့် အမှုစစ်အရာရှိများသည် ၎င်းတို့၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။

၁၃။ တရားရုံးများတွင် အယူခံမှုများကို စစ်ဆေးသည့် တရားလွှတ်တော်ချုပ်(the Supreme Court of Cassation)၊ စီမံခန့်ခွဲရေးဆိုင်ရာတရားလွှတ်တော်ချုပ် (the Supreme Administrative Court) နှင့် အယူခံတရားရုံးများ (courts of Appeal)၊ ခရိုင်တရားရုံးများ (distinct courts)၊ ဒေသဆိုင်ရာတရားရုံးများ (regional courts)နှင့် စစ်ဘက်ဆိုင်ရာတရားရုံးများ (courts-martial) စသည်တို့ ပါဝင်သည်။




**ဘူလ်ဂေးရီးယားနိုင်ငံ၏ တရားရုံးအဆင့်ဆင့် ဖွဲ့စည်းပုံ**

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး

၁၄။ ဘူလ်ဂေးရီးယားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ၄ ခု ရှိခဲ့ပါသည်။ ယခင်ရှိခဲ့သည့် ၁၈၇၉ ခုနှစ်၊ Tarnovo ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၄၇ ခုနှစ်၊ Dimitrov ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၁ ခုနှစ်၊ Zhivkov ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာကိစ္စရပ်များကို ဆောင်ရွက်ရန် သီးခြားဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ရပ်အနေဖြင့် တည်ထောင်ထားခြင်း မရှိပေ။ ၁၉၇၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံရေးရာကိစ္စရပ်များကို အမျိုးသားလွှတ်တော်က ဆောင်ရွက်ရမည်ဟု အတိအလင်းဖော်ပြထားပါသည်။ ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် အသစ်ပြဋ္ဌာန်းလိုက်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘူလ်ဂေးရီးယားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာသက်ဝင်ပြီးနောက် ၁၉၉၁ ခုနှစ်၊ သြဂုတ်လ ၁၆ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တည်ထောင်ခဲ့ပါသည်။ ဘူလ်ဂေးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၉ (၁) ပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးအား အာဏာအပြည့်အဝ အပ်နှင်းထားကြောင်း ပြဋ္ဌာန်းထားပါသည်။

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး စသည့်ကဏ္ဍကြီး ၃ ရပ်မှ သီးခြားလွတ်လပ်သည့် ရုံးတစ်ရုံးဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် မြို့တော် Sofia မြို့တွင် ရုံးထိုင်သည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဖွဲ့စည်းပုံ

၁၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးကို တရားသူကြီး ၁၂ ဦးဖြင့် ဖွဲ့စည်းထားသည်။ တရားသူကြီး ၃ ပုံ ၁ ပုံ ကို အမျိုးသားလွှတ်တော်ကလည်းကောင်း၊ တရားသူကြီး ၃ ပုံ ၁ ပုံကို နိုင်ငံတော်သမ္မတက လည်းကောင်း၊ ကျန်တရားသူကြီး ၃ ပုံ ၁ ပုံ ကို တရားလွှတ်တော်ချုပ်နှင့် စီမံခန့်ခွဲရေးဆိုင်ရာတရားလွှတ်တော်ချုပ်တို့ရှိ တရားသူကြီးများ အထွေထွေညီလာခံက လည်းကောင်း အသီးသီးရွေးချယ်ခန့်အပ်ကြပါသည်။ တရားရုံးအဖွဲ့ဝင်များကို အကျင့်စာရိတ္တ

ကောင်းမွန်ပြီး ဥပဒေပညာတွင် နှံ့စပ်ကျွမ်းကျင်၍ လုပ်ငန်းအတွေ့အကြုံ ၁၅ နှစ် ထက်မနည်း ရှိသည့် ဘူလ်ဂေးရီးယားနိုင်ငံသားများအနက်မှ ရွေးချယ်ရမည်ဖြစ်ပါသည်။



**ဘူလ်ဂေးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများပုံ**

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ သက်တမ်းသည် ၉ နှစ်ဖြစ်ပြီး ထပ်မံရွေးချယ်ခံပိုင်ခွင့်မရှိပေ။ တရားသူကြီး ၃ ပုံ ၁ ပုံကို ၃ နှစ် တကြိမ် အသစ်ပြန်လည် ရွေးချယ်ပါသည်။ ဥက္ကဋ္ဌကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီး ၁၂ ဦးအနက်မှ လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်ပါသည်။ ဥက္ကဋ္ဌ၏ သက်တမ်းသည် ၃ နှစ် ဖြစ်ပါသည်။ ဥက္ကဋ္ဌ ရာထူးနေရာအတွက် ပြန်လည်ရွေးကောက်ခံပိုင်ခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဆင့်အတန်းတူညီကြောင်း ပြဋ္ဌာန်းထားပါသည်။

၁၈။ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအားရွေးချယ်ပုံ** နှင့်စပ်လျဉ်း၍ “နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် ၃ ဦး စုစုပေါင်း ၉ ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန်အဖွဲ့ဝင် တစ်ဦး၏အမည်ကိုလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်သို့

တင်သွင်းလျက် သဘောတူညီချက်ရယူရမည်” ဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၁ တွင် ပြဋ္ဌာန်းထားပါသည်။

၁၉။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၆ တွင် ဥက္ကဋ္ဌရွေးချယ်ပုံနှင့် စပ်လျဉ်း၍ “နိုင်ငံတော်သမ္မတသည် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့် ညှိနှိုင်းရွေးချယ်သည့် အဖွဲ့ဝင် ၁ ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့တင်သွင်း၍ သဘောတူညီချက်ရမည်”ဟု ပြဋ္ဌာန်းထားပါသည်။ အဆိုပါပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲနေကြောင်း တွေ့ရှိရပါသည်။

၂၀။ **ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ရွေးချယ်ပုံနှင့်စပ်လျဉ်း၍ နှိုင်းယှဉ်သုံးသပ်ရသော်** ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးများအား ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစသည့် နိုင်ငံတော်၏ မဏ္ဍိုင်ကြီး ၃ ရပ်က အညီအမျှ ရွေးချယ်ကြရသည်ကို တွေ့ရှိရသော်လည်း မြန်မာနိုင်ငံတွင်မူ ဥပဒေပြုရေးကဏ္ဍမှ ၆ ဦးနှင့် အုပ်ချုပ်ရေးကဏ္ဍမှ ၃ ဦးရွေးချယ်ကြရပြီး တရားစီရင်ရေး ကဏ္ဍကို ရွေးချယ်ပိုင်ခွင့်ပေးအပ်ထားခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ ထို့အပြင် ဥက္ကဋ္ဌ ရွေးချယ်ရာတွင်လည်း ကွဲပြားမှုရှိကြောင်း တွေ့ရှိရပါသည်။ ဘူလ်ဂေးရီးယားနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌကို တရားသူကြီး ၁၂ ဦးအနက်မှ အချင်းချင်းပြန်လည် ရွေးချယ်ရခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင်မူ နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ် မည့်သူ၏အမည်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ သဘောတူညီချက်ရယူ ခန့်ထား ခြင်းဖြစ်ကြောင်း တွေ့ရပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များ

၂၁။ ဘူလ်ဂေးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ စီရင်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) အမျိုးသားလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေများနှင့် အခြားသောဆောင်ရွက် ချက်များ၊ နိုင်ငံတော်သမ္မတ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဂ) အမျိုးသားလွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးများအဖွဲ့ (ဝန်ကြီးများကောင်စီ) တို့အကြား ဖြစ်ပွားသည့်အငြင်းပွားမှုများ၊ အုပ်ချုပ်ရေးဆိုင်ရာ ဗဟိုအဖွဲ့အစည်းများနှင့် ဒေသန္တရအဖွဲ့အစည်းများအကြားဖြစ်ပွားသည့် အငြင်းပွားမှုများအား ဆုံးဖြတ်ခြင်း၊

(ဃ) ဘူလ်ဂေးရီးယားနိုင်ငံကချုပ်ဆိုသည့် စာချုပ်စာတမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(င) နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြစ်ပွားသည့်အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအား ရွေးကောက်တင်မြှောက်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ ဆုံးဖြတ်ခြင်း၊

(ဆ) လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ ဆုံးဖြတ်ခြင်း၊

(ဇ) လွှတ်တော်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအား စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ခြင်းတို့ ဖြစ်ပါသည်။

၂၂။ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်များမှာ-**

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့်ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်များအကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီးများ၊ ပြည်နယ်များ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့၏ အခွင့်အရေးနှင့်တာဝန်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများကပေးအပ်သည့် လုပ်ငန်းတာဝန်များ စသည်တို့ဖြစ်ပါသည်။

၂၃။ **တရားရုံး၏ စီရင်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ နှိုင်းယှဉ်သုံးသပ်ရသော်** ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ဥပဒေပြုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများနှင့်လုပ်ဆောင်ချက်များ၊ နိုင်ငံတော်သမ္မတ၏ဆောင်ရွက်ချက်များ၊ နိုင်ငံတော်က ချုပ်ဆိုသည့် စာချုပ်များ၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်က နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအား စွပ်စွဲပြစ်တင်ခြင်းရာကိစ္စရပ်များ စသည်တို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို စိစစ်နိုင်ကြောင်းတွေ့ရှိရသည်။

၂၄။ မြန်မာနိုင်ငံ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင်မူ လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများ၊ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ဆောင်ရွက်ချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအငြင်းပွားမှုများ၊ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များနှင့် ဥပဒေများကပေးအပ်သည့် လုပ်ငန်းတာဝန်များကိုသာ ဆောင်ရွက်ရပြီး နိုင်ငံတော်က ချုပ်ဆိုသည့်စာချုပ်များ၊ လွှတ်တော်ကဆောင်ရွက်သည့် အခြားလုပ်ငန်းများ၊ ရွေးကောက်ပွဲ

ဆိုင်ရာကိစ္စရပ်များ၊ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို စစ်ဆေးဆုံးဖြတ်ခြင်းမပြုနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**အမှုတင်သွင်းခွင့်ရှိသူများ**

၂၅။ ဘူလ်ဂေးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ အမှုတင်သွင်းခွင့်ရှိသူများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅ ပုံ ၁ ပုံ၊

(ခ) နိုင်ငံတော်သမ္မတ

(ဂ) ဝန်ကြီးများကောင်စီ (ဝန်ကြီးများအဖွဲ့)

(ဃ) တရားလွှတ်တော်ချုပ် (Supreme Court of Cassation)

(င) စီမံခန့်ခွဲရေးဆိုင်ရာတရားလွှတ်တော်ချုပ်(Supreme Administrative Court)

(စ) ရှေ့နေချုပ် တို့ဖြစ်ပါသည်။

၂၆။ ထို့အပြင် အမျိုးသားလွှတ်တော်၊ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးများအဖွဲ့(ဝန်ကြီးများကောင်စီ) တို့အကြား ဖြစ်ပွားသည့်အငြင်းပွားမှုများ၊ အုပ်ချုပ်ရေးဆိုင်ရာဗဟိုအဖွဲ့အစည်းများနှင့် ဒေသန္တရအဖွဲ့အစည်းများအကြားဖြစ်ပွားသည့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ Municipal Council က တင်သွင်းနိုင်ကြောင်း၊ ဥပဒေတစ်ခုသည် လူ့အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို ချိုးဖောက်ကြောင်းတွေ့ရှိပါက လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ် (The Ombudsman)က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိကြောင်း၊ နိုင်ငံသားများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်သည့် ဥပဒေတစ်ရပ်ရပ်ကိုတွေ့ရှိပါက အဆိုပါဥပဒေသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု မရှိကြောင်း အတည်ပြုပေးရန် တရားစီရင်ရေးကောင်စီ (Supreme Judicial Council) က တင်သွင်းနိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၂၇။ **မြန်မာနိုင်ငံ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခွင့်ရှိသူများအနက် တိုက်ရိုက်တင်သွင်းခွင့်ရှိသူများမှာ-**

(က) နိုင်ငံတော်သမ္မတ

(ခ) ပြည်ထောင်စုလွှတ်တော်နာယက

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

(င) ပြည်ထောင်စုတရားသူကြီးချုပ်

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ တို့ဖြစ်ပါသည်။

၂၈။ **သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ** တင်သွင်းခွင့်ရှိသူများမှာ-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ

(ဃ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်း အရေအတွက်ရှိသော ကိုယ်စားလှယ်များ စသည်တို့ ဖြစ်ပါသည်။

၂၉။ **အမှုတင်သွင်းခွင့်ရှိသူများနှင့်ပတ်သတ်၍ နှိုင်းယှဉ်သုံးသပ်ရသော်** ဘူလ်ဂေးရီးယား နိုင်ငံရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိသူများတွင် လွှတ်တော် ကိုယ်စားလှယ်များ၊ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးများကောင်စီ၊ တရားလွှတ်တော်ချုပ်၊ စီမံခန့်ခွဲ ရေးဆိုင်ရာတရားလွှတ်တော်ချုပ်၊ အမြင့်ဆုံးတရားစီရင်ရေးကောင်စီ၊ ရှေ့နေချုပ်၊ Municipal Council တို့အပြင် ဥပဒေတစ်ခုသည် လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက် ကြောင်းတွေ့ရှိပါက လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ် (The Ombudsman)က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ တင်သွင်းခွင့်ရှိကြောင်း တွေ့ရှိ ရပါသည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ နိုင်ငံသားအခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တင်သွင်းခွင့်ပေးအပ်ထားခြင်းမရှိကြောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအတွက်ကိုမူ တရားလွှတ်တော်ချုပ်သို့ စာချွန်တော် လျှောက်ထားနိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကြားနာဆုံးဖြတ်ခြင်း

၃၀။ ဘူလ်ဂေးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် အမှုများကို ကြားနာရာတွင် အနည်းဆုံး တရားသူကြီး ၃ ပုံ ၂ ပုံ တက်ရောက်ရမည်ဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် တရားသူကြီးအားလုံး၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်ဖြစ်ပြီး အမျိုးသားလွှတ်တော်အပါအဝင် နိုင်ငံရှိ အဖွဲ့အစည်းများ၊ နိုင်ငံသားများအားလုံးအပေါ်တွင် စည်းနှောင်မှုရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

၃၁။ **မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင်** ကြားနာဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များအားလုံးက ကြားနာဆုံးဖြတ်ရမည်။ ယင်းသို့ဆောင်ရွက်နိုင်ခြင်းမရှိပါက ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် အနည်းဆုံး ၆ ဦးဖြင့် ကြားနာရမည်ဖြစ်သည်။ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်ဖြစ်ကြောင်း၊ ခုံရုံး၏အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် သဘောထားကို ခုံရုံး၏ ထက်ဝက်ကျော်သဘောတူညီချက်ဖြင့် ချမှတ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၃၂။ **ကြားနာဆုံးဖြတ်ခြင်းနှင့်စပ်လျဉ်း၍ နှိုင်းယှဉ်သုံးသပ်ရသော်** ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက အမှုကြားနာရာတွင် အနည်းဆုံး တရားသူကြီး ၃ ပုံ ၂ ပုံ ဖြင့် ကြားနာရမည်ဖြစ်ပြီး မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဥက္ကဋ္ဌအပါအဝင်အဖွဲ့ဝင် အနည်းဆုံး ၆ ဦး ဖြင့်ကြားနာရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ အမှုဆုံးဖြတ်ရာတွင် ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက တရားသူကြီးအားလုံး၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် အမှုများကိုကြားနာဆုံးဖြတ်ရာ၌ ဘူလ်ဂေးရီးယားနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးတွင် ဥက္ကဋ္ဌပါဝင်မှုကို ခွဲခြားဖော်ပြထားခြင်းမရှိဘဲ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၌ ဥက္ကဋ္ဌပါဝင်ရမည်ဟုပြဋ္ဌာန်းထား၍ ဥက္ကဋ္ဌ၏အခန်းကဏ္ဍကို ပိုမိုအလေးပေးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

## ဆုံးဖြတ်ချက်အကျိုးသက်ရောက်မှု

၃၃။ ဘူလ်ဂေးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်ဖြစ်ပြီး အမျိုးသားလွှတ်တော်အပါအဝင် နိုင်ငံအတွင်းရှိ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများအားလုံး၊ နိုင်ငံသားများအားလုံးအပေါ်တွင် စည်းနှောင်မှုရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

၃၄။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတို့အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထားပေးခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်နိုင်ပါသည်။ တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှုနှင့်ပတ်သတ်၍ တင်သွင်းလာသည့် အမှုနှင့်စပ်လျဉ်းသည့်ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။

၃၅။ **ဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုနှင့်စပ်လျဉ်း၍ နှိုင်းယှဉ်သုံးသပ်ရသော်** ဘူလ်ဂေးရီးယားနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်များသည် အပြီးအပြတ်ဖြစ်ပြီး အမျိုးသားလွှတ်တော်အပါအဝင် နိုင်ငံအတွင်းရှိ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများအားလုံး၊ နိုင်ငံသားများအားလုံးအပေါ်တွင် စည်းနှောင်မှုရှိသည်ဟု ပြဋ္ဌာန်းထားကြောင်းတွေ့ရှိရပြီး မြန်မာနိုင်ငံတွင်မူ တရားရုံးတစ်ရုံးက စစ်ဆေးဆဲအမှုနှင့် စပ်လျဉ်း၍ တင်သွင်းလာသည့် အမှုနှင့်ပတ်သတ်သည့် ဆုံးဖြတ်ချက်သည်သာ အမှုအားလုံးနှင့်သက်ဆိုင်ကြောင်းနှင့် ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ကြောင်း ဖော်ပြထားသော်လည်း အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် သဘောထားပေးခြင်းတို့နှင့်စပ်လျဉ်း၍မူ ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## နိဂုံး

၃၆။ ဘူလ်ဂေးရီးယားနိုင်ငံသည် တပြည်ထောင်နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း ဒေသဆိုင်ရာစီမံခန့်ခွဲခွင့်ကို ဒေသန္တရအစိုးရများကို ပေးအပ်ထားကြောင်းတွေ့ရှိရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသည် ၁၉၉၁ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် တည်ထောင်ခဲ့သည့် ရုံးတစ်ရုံးဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ

တရားရုံးသည် နိုင်ငံ၏ကဏ္ဍကြီး ၃ ရပ်နှင့် သက်ဆိုင်ခြင်းမရှိ သီးခြားလွတ်လပ်သည့် ရုံးတစ်ရုံး ဖြစ်သည့်အတွက်ယင်း၏လုပ်ငန်းတာဝန်များကို လွတ်လပ်စွာဆောင်ရွက်နိုင်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရသည့် ရုံးတရုံး ဖြစ်ပါသည်။ ၎င်း၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်ပြီး နိုင်ငံတော်နှင့်နိုင်ငံသား၊ အဖွဲ့အစည်းများ အားလုံးအပေါ်တွင် စည်းနှောင်မှုရှိကြောင်း တွေ့ရှိရပါသည်။

## ရည်ညွှန်းကိုးကားချက်များ


၁။ ဘူလ်ဂေးရီးယားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၉၁)

၂။ ဘူလ်ဂေးရီးယားနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဥပဒေ (၁၉၉၁)

၃။ ROBERT L. MADDEX, Constitutions of the World, 3rd ed, CQ Press, WASHINGTON, D.C, 2008

၄။ https://en.wikipedia.org/wiki/Bulgaria#:~:text=Bulgaria%20is%20a%20 small% 20country,kilometres%20(220%20mi)%20long.

၅။ https://www.bhfieldschool.org/countries/bulgaria

၆။ https://constcourt.bg/en/Home/AboutCourt#History

၇။ https://constcourt.bg/en/LegalBasis